**အာဆီယံထိပ်သီးညီလာခံနှင့် မြန်မာနိုင်ငံအခြေအနေအပေါ် Akbayan ပါတီ၏ သဘောထား**

စီဘူးမြို့တွင် ဖိလစ်ပိုင်နိုင်ငံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အာဆီယံခေါင်းဆောင်များ ထိပ်သီးညီလာခံကို ကျင်းပနေလျက်ရှိရာ မြန်မာနိုင်ငံ လူသားချင်းစာနာမှုအကျပ်အတည်း နှင့်ပတ်သက်၍ ပြတ်သားမှုနှင့် ကျင့်ဝတ်စံနှုန်းခိုင်မာမှုရှိသော ရပ်တည်ချက်တစ်ခု ချမှတ်ကျင့်သုံးရန် အာဆီယံခေါင်းဆောင်များနှင့် မားကို့စ်အစိုးရကို မိမိတို့ တိုက်တွန်းပါသည်။ အာဆီယံသည် တရားမဝင်စစ်အုပ်စုကို ငြင်းပယ်ရမည်။ အာဆီယံပြည်သူများကို ခေါင်းပုံဖြတ်အမြတ်ထုတ်ကာ စစ်အုပ်စုအတွက် ငွေရှာပေးနေသည့် နိုင်ငံဖြတ်ကျော် ငွေလိမ်လုပ်ငန်းများနှင့် လူကုန်ကူးမှုကွန်ရက်များ၏ ပြဿနာသည် စစ်အုပ်စု၏ အုပ်ချုပ်မှုအောက်တွင် အခြားနိုင်ငံများသို့ပါ ပြန့်နှံ့လာပြီး ဒေသတွင်းလုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်လာနေသည်။

ပြည်ပနိုင်ငံများရှိ အရှေ့တောင်အာရှနိုင်ငံသားများကို အကာအကွယ်ပေးရေးသည် ထိပ်တန်းဦးစားပေးကိစ္စတစ်ခုဖြစ်ကြောင်း သမ္မတ ဖာဒီနန်"ဘွန်ဘွန်"မားကို့စ် ဂျူနီယာက ၎င်း၏အဖွင့်မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားခဲ့သည်။ စစ်အုပ်စု၏ နိုင်ငံရေးအကာအကွယ်အောက်တွင် လည်ပတ်နေသည့် မြန်မာနိုင်ငံအတွင်းရှိ ငွေလိမ်လုပ်ငန်းအခြေစိုက်နေရာများကို ပိုမိုကြီးထွားလာအောင် ခွင့်ပြုထားမည်ဆိုပါက ဤကတိကဝတ်သည် အနှစ်သာရ မဲ့နေပါလိမ့်မည်။ ယမန်နှစ်တွင် ရာနှင့်ချီသော ဖိလစ်ပိုင်နိုင်ငံသားများကို ထိုငွေလိမ်လုပ်ငန်း အခြေစိုက်နေရာများမှ ကယ်ထုတ်ခဲ့ရသည်။ ၎င်းတို့သည် ထိုနေရာများတွင် အလုပ်လုပ်ရန် လိမ်လည်စည်းရုံးသိမ်းသွင်းခြင်း ခံခဲ့ရသူများဖြစ်ပြီး ညှင်းပန်းနှိပ်စက်မှုနှင့် အနိုင်ကျင့်ဖိနှိပ်မှုများလည်း ကြုံတွေ့ခဲ့ရသည်။

ဤခေါင်းပုံဖြတ်အမြတ်ထုတ်မှုလုပ်ငန်းသည် မြန်မာနိုင်ငံအတွင်းရှိ ပိုမိုပြင်းထန်လာနေသော ပြည်တွင်းအကြမ်းဖက်မှုများနှင့် ခွဲမရအောင် ချိတ်စပ်နေသည်။ မတ်လ ၂၀၂၆ ခုနှစ်သည် ခေတ်သစ်သမိုင်းတစ်လျှောက် မြန်မာနိုင်ငံတွင်း အရပ်သားသေဆုံးမှု အများဆုံးလတစ်လ ဖြစ်ခဲ့ပြီး စစ်တပ်၏ တိုက်ခိုက်မှုများကြောင့် ပြည်သူ ၅၁၈ ဦးအထိ သေဆုံးခဲ့ရသည်။ ၂၀၂၆ ခုနှစ်၏ ပထမ (၄) လတာ ကာလတစ်ခုထဲတွင်ပင် ပြည်သူ ၁,၁၁၇ ဦး သေဆုံးခဲ့ရသည်။ ပြည်သူများသည် လေကြောင်းတိုက်ခိုက်မှု ၈ ကြိမ်အပါအဝင် ခန့်မှန်းခြေ ပျှမ်းမျှနေ့စဉ်တိုက်ခိုက်မှုပေါင်း ၂၉ ကြိမ်အထိ ကြုံတွေ့ခဲ့ရသည်။ ၂ နှစ်ကျော် ကာလအတွင်း အဓမ္မတပ်သားသစ် စုဆောင်ခြင်းခံခဲ့ရသည့် လူငယ်လူရွယ် ၁၀၀,၀၀၀ ခန့်ရှိပြီး ဆက်လက် ထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသား ၂၂,၀၀၀ အထိရှိနေသည်။

သံတမန်ထိတွေ့ဆက်ဆံမှု မှတစ်ဆင့် မြန်မာစစ်အုပ်စုကို တရားဝင်မှုပေးခြင်းသည် ၎င်း၏ထိန်းချုပ်မှုအောက်က ရာဇဝတ်ကွန်ရက်များကို ဆက်လက်ရှင်သန်ခွင့် ရစေသည်။ ဤအကျပ်အတည်းနှင့် ပတ်သက်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ထိတွေ့ဆောင်ရွက်မှုများသည် ဖိလစ်ပိုင်ပြည်သူများကို အကာအကွယ်ပေးရေး မူအပေါ်သာ အဓိကအခြေခံရမည်ဖြစ်ကြောင်း Akbayan က အထူးအလေးထားပြောကြားလိုသည်။ စစ်အုပ်စုကို

လက်ခံနေရာပေးသည့် နိုင်ငံခြားရေးမူဝါဒသည် အလုပ်အကိုင်ရှာဖွေနေကြသော ဖိလစ်ပိုင်ပြည်သူများကို အမြတ်ထုတ်သည့် ငွေလိမ်လုပ်ငန်းများအား တိုက်ရိုက်အထောက်အကူပေးရာ ရောက်သည်။

ဖိလစ်ပိုင်နိုင်ငံသည် စစ်အုပ်စုက မကြာသေးမီက ကျင်းပခဲ့သော ရွေးကောက်ပွဲနှင့် လွှတ်တော်အစည်းအဝေး ခေါ်ယူမှု အပါအဝင် ၎င်းတို့ အကောင်အထည်ဖော်နေသော နိုင်ငံရေးလုပ်ငန်းစဉ်များ၏ တရားဝင်မှုကို အတိအလင်း ငြင်းပယ်သင့်သည်။ ဖိလစ်ပိုင်အစိုးရသည် လူကုန်ကူးမှုကွန်ရက်များကို ဖြိုခွင်းရန်၊ လူသားချင်း စာနာမှုဆိုင်ရာ ဝင်ရောက်ခွင့်ရရှိရန် နှင့် အမျိုးသားညီညွတ်ရေးအစိုးရ ကဲ့သို့သော တရားဝင်ဒီမိုကရေစီ အစုအဖွဲ့များကို အားပေးထောက်ခံရန် နိုင်ငံတကာအသိုင်းအဝိုင်းဘက်က လက်တွေ့အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လာအောင် တိုက်တွန်းတောင်းဆိုရမည်။ ဤခေါင်းပုံဖြတ်အမြတ်ထုတ်မှု သံသရာများထဲတွင် ပိတ်မိနေကြသော မြန်မာနှင့် ဖိလစ်ပိုင်ပြည်သူများသည် ပြတ်သားသော တုန့်ပြန်ဆောင်ရွက်မှုတစ်ခု ရရှိရန် ထိုက်တန်သူများ ဖြစ်ကြသည်။